

# ယမနရှိဒေသတွင်

## အလုပ်ဝင်ပြီးအသက်မွေးဝမ်းကျောင်းပြုကြပါစို့။

ဂျပန်နည်းပညာကိုသင်ယူခြင်း။ ဒေသခံအသိုင်းအဝိုင်းမှာ ပါဝင်ကြပါစို့။








အကြောင်းအရာများ

- ယမနရှိဒေသရဲ့ဆွဲဆောင်မှုကိုမိတ်ဆက်ခြင်း
- အလုပ်အကိုင်နှင့်နေထိုင်ခွင့်အရည်အချင်း
- ယမနရှိတွင်အလုပ်လုပ်ကိုင်နေသောနိုင်ငံခြားသားများအား အင်တာဗျူး
- အလုပ်ဝင်လိုသူများအတွက် အသုံးဝင်သောအချက်အလက်များ  အခြားအကြောင်းအရာများ



# ဖူဂျီတောင်ကိုမြင်နိုင်တဲ့ ယမနရှိဒေသကနေ ကြိုဆိုပါတယ် !

ယမနရှိဒေသသည် တိုကျိုဘူတာမှ အမြန်ရထားဖြင့် ၂နာရီသာကြာသည့်နေရာတွင်ရှိပါသည်။ ရင်သပ်ရှုမောဖွယ် သဘာဝရှုခင်းများ၊ အရသာရှိသော ဒေသထွက်ကုန်များနှင့် အစားအစာများ၊ ကြွယ်ဝပေါများပြီးမတူသောယဉ်ကျေးမှုများကိုခံစားနိုင်ခြင်းတို့ဖြင့် တက်ကြွလှပသော ဒေသတစ်ခုဖြစ်သည်။ လက်ရှိတွင် နိုင်ငံခြားသား ၁သောင်း၈ထောင်ကျော်နေထိုင်လျှက်ရှိပြီး နိုင်ငံအစုံတွေ့ရှိရသောဒေသတစ်ခုအဖြစ် ဖွံ့ဖြိုးလျှက်ရှိသည်။ ယမနရှိဒေသသည် ဂျပန်နိုင်ငံတွင်နေထိုင်သော နိုင်ငံခြားသားများအတွက် ဆွဲဆောင်မှုများစွာရှိပြီး ဤအံ့ဖွယ်ဒေသတွင် အတွေ့အကြုံပေါင်းများစွာကို ရရှိစေဆောင်းနိုင်ပါသည်။

## လေးရာသီကို ပျော်ရွှင်ခံစားမည်။



- ပန်းချီကားသဖွယ်လှပသောရှုခင်းများ၊ တောင်တန်းများ၊ ပြောင်းလဲနေသောရာသီများနှင့် အတူ တစ်နှစ်ပတ်လုံး သဘာဝအလှတရားများကိုခံစားနိုင်သောဒေသဖြစ်သည်။ နွေဦးတွင် နာမည်ကြီး ဆကူရာပွင့်သည့်နေရာများကို သွားလည်ကြည့်ကြပါစို့လား။ ခမ်းနားထည်ဝါသော ဖူဂျီတောင်နှင့် ဆကူရာပန်းများဝန်းရံထားသည့် အနီရင့်ရောင်ဘုံငါးဆင့်ကျောင်း၏ရှုခင်းများကြောင့် ကျော်ကြားသောChureitoစသည့်ဆာကူရာဖြင့်နာမည်ကြီးသောနေရာများမှာ ယမနရှိဒေသတွင် အများအပြား ရှိသည်။
- ယမနရှိဒေသ၏နွေရာသီသည် လန်းဆန်းအေးမြပါသည်။ ကြည်လင်သောစမ်းချောင်းတွင် ခြေထောက်စိမ်ခြင်း၊ ရေကန်ပေါ်တွင် SUP ( မတ်တပ်ရပ်၍လှေလှော်ခြင်း) တို့ဖြင့် ပျော်ရွှင်စွာ အနားယူနိုင်ပြီး သဘာဝအလှများကို ခံစားနိုင်သည်။ ဖူဂျီတောင်တက်ပြီး ဂျပန်နိုင်ငံ၏ အမြင့်ဆုံး တောင်ပေါ်မှနေထွက်တာကို ကြည့်ရှုခြင်းစသည့် စိတ်လှုပ်ရှားဖွယ်အတွေ့အကြုံ များကို ခံစားနိုင်ပါသည်။
- ဆောင်းဦးရာသီသည်အရွက်များအရောင်ပြောင်းခြင်းကိုကြည့်ရှုရန်အတွက်အကောင်းဆုံးအချိန်ဖြစ်သည်။ ကြည်လင်သော ကောင်းကင်ယံနှင့် မြင့်မားသောဖူဂျီတောင်နောက်ခံထားသည့် အနီရောင် နှင့် အဝါရောင်အရွက်များဖြင့်ဆောင်းဦးရွက် ( မိုမိဂျိအရွက် ) များသည် အလွန်လှပသောရှုခင်း ဖြစ် သည်။
- နှင်းလျှောစီးခြင်းနှင့် စကိတ်စီးခြင်း စသည့် ဆောင်းရာသီ၏ ထူးခြားသောအားကစားများအပြင် နှင်းထုရှုခင်းများကို ကြည့်ရင်းဖြင့် ရေပူစမ်းစိမ်ခြင်းစသည်တို့ပါ ပြုလုပ်နိုင်သည်။

## ပေါများသောအစားအသောက်ယဉ်ကျေးမှု

[ သစ်သီးနိုင်ငံတော်ကြီး ]ဟု ခေါ်ဆိုကြသောယမနရှိဒေသ။ စပျစ်သီး၊ မက်မွန်သီး၊ တရုတ်ဆီးသီးနှင့် ချယ်ရီသီးများ အပြင် အခြားအသီးအနှံမျိုးစုံလည်း ထွက်ရှိသည်။ ဒေသခံဆိုင်များနှင့် စားသောက်ဆိုင်များ မှ လတ်လတ်ဆတ်ဆတ်ခူးဆွတ်ထားသော သစ်သီးများဖြင့် ပြုလုပ်ထားသော အရသာရှိသည့် အချိုပွဲ များကိုပါ ရရှိနိုင်ပါသည်။ အသီးအနှံများအပြင် ဟင်းသီးဟင်းရွက်နှင့် အသားများကိုလည်း ထုတ်လုပ်ပါ သည်။ ကြီးမားသောဆွဲဆောင်မှုတခုမှာ အရသာရှိပြီး ကျန်းမာရေးအတွက်လည်း ကောင်းမွန်ကာ လတ်ဆတ်သော ဒေသထွက်ကုန်များကိုရရှိနိုင်ခြင်းဖြစ်သည်။

ယမနရှိဒေသတွင် ဒေသခံများ၏နှလုံးသားအစားအသောက်ဟု ခေါ်ဆိုနိုင်လောက်သည့် ဟိုးတိုးနှင့် ထူထဲသော်လည်း ပျော်ကျနိုင်လောက်သည့် အရာသာထူးကဲသော ကိုးရှူးအမဲသား စသည့် နာမည်ကြီး ဟင်းလျာများနှင့် အမှတ်တံဆိပ်စားသောက်ကုန်များ အများအပြားရှိပါသည်။ နိုင်ငံခြားအရသာများကို ခံစားနိုင်သော စားသောက်ဆိုင်များလည်း များပြားစွာရှိပြီး နိုင်ငံခြားသားစားဖိုမှူးများကိုယ်တိုင် ချက်ပြုတ်ထားသော စစ်မှန်သည့်အရသာများကိုလည်း မြည်းစမ်းနိုင်ပါသည်။



## ယဉ်ကျေးမှုပေါင်းစုံရှိခြင်း

ယမနရှိဒေသတွင် နိုင်ငံတကာအသိုင်းအဝိုင်းတစ်ခုရှိပြီး နိုင်ငံခြားသားများနှင့် ဒေသခံဂျပန်လူမျိုးတို့အကြား ဖလှယ်မှုများ တက်ကြွစွာကျင်းပလေ့ရှိသည်။ ပွဲတော်များစသည့် ဒေသဆိုင်ရာပွဲများကို မကြာခဏ ကျင်းပ လေ့ရှိပြီး မည်သူမဆိုပါဝင်နိုင်ကာ မတူညီသောယဉ်ကျေးမှုများနှင့် ထိတွေ့ဆက်ဆံနိုင်ပါသည်။ တရုတ်၊ ဗီယက်နမ်၊ ဘရာဇီး၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယားစသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံခြားသားများသည် ယမနရှိဒေသတွင် နေထိုင်လျှက်ရှိသည်။ ယမနရှိဒေသတွင် ကြွယ်ဝသော သဘာဝတရားများနှင့် ငြိမ်းချမ်း သောဝန်းကျင်သည် တစ်သက်တာမိတ်ဆွေများဖွဲ့ရန်နှင့် နိုင်ငံနယ်နိမိတ်များကို ကျော်လွန်သည့် နက်နဲသော နှောင်ကြိုးများတည်ဆောက်ရန်အသင့်တော်ဆုံးဖြစ်ပါသည်။

# ယမနရှိဒေသတွင် အလုပ်လုပ်မည်။



ကလေးမွေးဖွားနှုန်းနှင့် သက်ကြီးရွယ်အိုများပြားလာခြင်းတို့ကြောင့် လူဦးရေကျဆင်းနေသည့် ဂျပန်နိုင်ငံတွင် နိုင်ငံခြားသားများသည် စက်မှုလုပ်ငန်းနှင့် ဒေသခံအသိုင်းအဝိုင်း၏ တွဲဖက်များအဖြစ် မရှိမဖြစ်လိုအပ်နေပြီး တန်ဖိုးလည်းရှိပါသည်။ ယမနရှိဒေသ၏ စက်မှုလုပ်ငန်းအများအပြားတွင် နိုင်ငံခြားသားများသည် လုပ်ငန်း လည်ပတ်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် သိသာထင်ရှားသော ပံ့ပိုးကူညီမှုများ ပြုလုပ်လျှက်ရှိသည်။ သို့ဖြစ်ပါ၍ လုပ်ငန်းအမျိုးမျိုးက နိုင်ငံခြားသားများကို ဝန်ထမ်းအနေဖြင့် တက်ကြွစွာ ခန့်အပ်လျှက်ရှိသည်။ တစ်ဆက်တည်းမှာပင် နိုင်ငံခြားသားများအနေဖြင့် ယမနရှိဒေသတွင် အလုပ်လုပ်ခြင်းသည် မိမိတို့၏ အသက်မွေးဝမ်းကျောင်းများကိုမြင့်တက်လာစေရန်နှင့် မိမိကိုယ်မိမိယုံကြည်မှုတိုးတက်စေရန် အခွင့်အလမ်း တစ်ခုသာလျှင်မကဘဲ ဒေသ၏ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ဆက်စပ်ခြင်းဖြင့် အနာဂတ်အလားအလာများ ကိုပါ ရေးဆွဲနိုင်ပြီး နေ့စဉ်အင်အားများအတွက် ပေးစွမ်းနိုင်မည်ဖြစ်သည်။

### နိုင်ငံခြားသားများအား တက်ကြွစွာခန့်အပ်လျှက်ရှိသော လုပ်ငန်းအမျိုးအစား

- ထုတ်လုပ်ရေးလုပ်ငန်း
- ဝန်ဆောင်မှုလုပ်ငန်း
- အရောင်းလုပ်ငန်း
- တည်းခိုခန်းနှင့်စားသောက်ကုန်လုပ်ငန်း
- လယ်ယာစိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်း
- သူနာပြုစုစောင့်ရှောက်ရေးလုပ်ငန်း
- ဆောက်လုပ်ရေးလုပ်ငန်း

အခြား

# ယမနရှိဒေသတွင် အပန်းဖြေမည်

ယမနရှိဒေသတွင် မတူကွဲပြားသည့်ယဉ်ကျေးမှုများတည်ရှိသော အသိုင်းအဝိုင်းဖန်တီးခြင်းကို ဦးတည်၍ အမျိုးမျိုးသောအစီအစဥ်များကို ကျင်းပပြုလုပ်လျှက်ရှိသည်။ ဒေသတွင် နိုင်ငံခြားသားများ [လက်ခံခြင်း] နှင့် [အတူတကွနေထိုင်ခြင်း] တို့အား အလေးထားပြီး နိုင်ငံခြားသားများက စိတ်အေးလုံခြုံစွာဖြင့် လုပ်ကိုင်နိုင်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဆောင်ရွက်လျှက်ရှိသည်။ နိုင်ငံခြားသားများကို တိုးချဲ့ခန့်အပ်ခြင်းနှင့် ဂျပန်ဘာသာသင်တန်းများကို ဖွင့်လှစ်ပြီး သင်ယူနိုင်ရေးအခွင့်အလမ်းများကို ပိုမိုပြုလုပ်လျှက်ရှိသည့်အပြင် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ အရေးပါသူတစ်ဦးအနေဖြင့် ဒေသတွင်းရှိဂျပန်လူမျိုးများနှင့် ဖလှယ်နိုင်သည့် အခွင့်အလမ်းများကို ဖန်တီးပေးခြင်း စသည့် အ



ထောက်အကူများကို ပြုလုပ်လျှက်ရှိသည်။ နိုင်ငံခြားသားနေထိုင်သူများအနေဖြင့် ယမနရှိဒေသသည် [ဒုတိယမွေးရပ်မြေ] ဟု ထင်မှတ်လာနိုင်စေရန် လုံခြုံစိတ်ချစွာနေထိုင်စားသောက်နိုင်ရန်အတွက် အထောက်အကူများကို ပေးလျှက်ရှိပါသည်။
ယမနရှိဒေသတွင် ဤကြိုးပမ်းအားထုတ်မှုများကို အဓိပ္ပာယ်ရှိစွာဖြင့် ရေရှည်တည်တံ့နိုင်စေရန် ရည်ရွယ်ချက်ဖြင့် "ယမနရှိမတူကွဲပြားယဉ်ကျေးမှုများတည်ရှိရာအဖွဲ့အစည်းကိုအကောင်အထည်ဖော်ရေး စီမံကိန်း" ကို ရေးဆွဲခဲ့ပါသည်။ ဒေသတွင်းနေထိုင်သူများသည် မတူကွဲပြားသောတန်ဖိုးများကို လက်ခံကြပြီး လူတိုင်းလူတိုင်းက မိမိတို့၏ကိုယ်ပိုင်နည်းလမ်းဖြင့် တက်ကြွသော အခန်းကဏ္ဍများတွင် ပါဝင်နိုင်သော ညီညွတ်သည့်လူ့အဖွဲ့အစည်းကို အကောင်အထည်ဖော်သွားရန် ရည်ရွယ်ပါသည်။

# နေထိုင်ခွင့်အရည်အချင်းရယူခြင်း

ယမနရှိဒေသတွင်နေထိုင်လုပ်ကိုင်နိုင်ရန်အတွက်နေထိုင်ခွင့်အရည်အချင်းအမျိုးမျိုးရှိပါသည်။ စိတ်လှုပ်ရှားစရာကောင်းသော အသက်မွေးဝမ်းကြောင်းများကို ဖန်တီးသွားနိုင်သော အခွင့်အရေးများက စောင့်ကြိုလျှက်ရှိပါသည် !

### နည်းပညာဆိုင်ရာသင်တန်း

အခြေခံအဆင့်ဖြင့်အလုပ်များတွင် ဝင်ရောက်ပြီး အသိပညာနှင့် အတတ်ပညာများ ရယူရင်းဖြင့် အသက်မွေးဝမ်းကြောင်းမြှင့်တင်ရေးကို ဦးတည်သူများအတွက် သင့်လျော်သော နေထိုင်ခွင့်အရည်အချင်း ဖြစ်သည်။ လက်ခံသည့်အဖွဲ့အစည်းများနှင့် လုပ်ငန်းများက ဝန်ထမ်းအသစ်များအား OJT(လုပ်ငန်းခွင် လက်တွေ့လေ့ကျင့်ခြင်း) များမှတစ်ဆင့် နည်းပညာများကို ရရှိစေရန်ရည်ရွယ်ပါသည်။ တက္ကသိုလ်ပညာရေး ပြီးဆုံးရန်မလိုအပ်ဘဲ စိုက်ပျိုးရေးလုပ်ငန်း၊ ထုတ်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ စသည့် အမျိုးမျိုးသောနယ်ပယ်များရှိသည့်အတွက် ဂျပန်နိုင်ငံတွင် နေထိုင်စားသောက်ရင်းဖြင့် ကာလရှည် သက်မွေးဝမ်းကြောင်းတွင် အသုံးဝင်သည့် အတတ်ပညာများကို ဆည်းပူးရင်း လုံခြုံပြီးစနစ်တကျရှိသော ပတ်ဝန်းကျင်တွင် အလုပ်လုပ်နိုင်မည်ဖြစ်သည်။

### အထူးကျွမ်းကျင်လုပ်သား

ကုန်ထုတ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် တည်းခိုခန်းလုပ်ငန်းများစသည့် သီးသန့်စက်မှုလုပ်ငန်း နယ်ပယ်မှ အလုပ်သမားများသည် အထူးကျွမ်းကျင်နေထိုင်ခွင့်အရည်အချင်းကို ရယူနိုင်သည်။ သီးသန့် နယ်ပယ်များမှ အထူးပြုအသိပညာ၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများရှိသူများအတွက် ရည်ရွယ်သည်။

### အင်ဂျင်နီယာ / လူသားပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူ / နိုင်ငံတကာ ဝန်ဆောင်မှုများ

စက်မှုအင်ဂျင်နီယာများ၊ ဘာသာပြန်သူများ၊ ဒီဇိုင်နာများ၊ ဈေးကွက်ရှာဖွေရေးတာဝန်စသည့် အဆင့်မြင့်ကျွမ်းကျင်ပညာရှင်များအတွက် သင့်လျော်သော နေထိုင်ခွင့်အရည်အချင်းဖြစ်သည်။

### စီးပွားရေးလုပ်ငန်းရှင် /  စီမံခန့်ခွဲသူ

လုပ်ငန်းတစ်ခုခု၏ လုပ်ငန်းနှင့် အလုပ်အမှုဆောင် သို့မဟုတ် ဂျပန်နိုင်ငံတွင်လုပ်ငန်းသစ်တစ်ခုစတင်ရန် စဥ်းစားနေသူများအတွက် နေထိုင်ခွင့်အရည်အချင်းဖြစ်သည်။

ဂျပန်တက္ကသိုလ်မှ ဘွဲ့ရသော ပညာသင်ကျောင်းသားများအတွက် အထူးလှုပ်ရှားမှုနှင့် လုပ်ငန်းတွင်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်းစသည့် နေထိုင်ခွင့်အရည်အချင်းများလည်းရှိပြီး နိုင်ငံခြားသားအများစုက ယမနရှိဒေသသို့ ပြောင်းရွှေ့နေထိုင်ကြကာ အသက်မွေးဝမ်းကျောင်းအမျိုးမျိုးကို တည်ဆောက်ပြီး တက်ကြွ စွာဖြင့် လုပ်ကိုင်လျှက်ရှိသည်။ နောက်စာမျက်နှာတွင် လုပ်ငန်းအမျိုးမျိုးအားရှင်းပြခြင်းနှင့် နိုင်ငံခြားသားများ အင်တာဗျူးကို မိတ်ဆက်ဖော်ပြပါမည်။



# မိမိနှင့်ကိုက်ညီသည့် လုပ်ငန်း များကိုရှာဖွေပါစို့။

ယမနရှိဒေသတွင် နိုင်ငံခြားသားများ၏အသိုင်းအဝိုင်းရှိပြီး လုပ်ငန်းအမျိုးမျိုးတွင်စိန်ခေါ်ကြည့်နိုင်သည့် အခွင့် အလမ်းများရှိသည်။ ဤစာမျက်နှာတွင်မူ ယမနရှိဒေသတွင် နိုင်ငံခြားများလုပ်ကိုင်လျှက်ရှိသည့် အလုပ် အမျိုးအစားများအား ရှင်းလင်းပြခြင်းနှင့် နိုင်ငံခြားသားကာယကံရှင်များ၏ အင်တာဗျူးများကိုပါ မိတ်ဆက် ဖော်ပြမည်ဖြစ်သည့်အတွက် မည်သို့သောလုပ်ငန်းအမျိုးအစားက သင်နှင့်ကိုက်ညီသည်ကို ရှာဖွေနိုင်သည်။ လုပ်ငန်းအမျိုးမျိုးတွင် နိုင်ငံခြားသားဝန်ထမ်းများအား ခေါ်ယူလျှက်ရှိပြီး လုံခြုံပြီး ရှေ့အလားအလာရှိသောလုပ်ကိုင်လိုစိတ်ရှိသောလုပ်ငန်းဝန်းကျင်များပါရှိသည့် ယမနရှိဒေသတွင် အလုပ်လုပ်ကိုင်ကြည့်ကြရအောင် လား။

## ဧည့်သည်များအားဧည့်ဝတ်ကြိုခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်း

ဖူဂျီတောင်တည်ရှိရာ ယမနရှိဒေသသို့ ပြည်တွင်းပြည်ပမှခရီးသွားဧည့်သည်များလာရောက်လည်ပတ်လျှက် ရှိသည်။ ဖူဂျီတောင်ခြေရှိ ပန်းချီကားတစ်ချပ်သဖွယ်လှပသော Fuji Five Lakes ဝန်းကျင်တွင် ဟိုတယ်နှင့် စားသောက်ဆိုင်များကဲ့သို့သော ခရီးသွားအဆောက်အဦများ များပြားစွာရှိပြီး နိုင်ငံခြားသားများကို တက်ကြွစွာ ခန့်အပ်လျှက်ရှိသည်။ ပြည်ပမှ ခရီးသွားဧည့်သည်များ များပြားသည့် ဤလုပ်ငန်းအမျိုးအစား တွင် ထူးချွန်သော နိုင်ငံတကာအမြင်ရှိသူများကို အလွန်တန်ဖိုးထားပါသည်။

**ယမနရှိဒေသတွင် အောက်ဖော်ပြပါကဲ့သို့သော ဧည့်ဝတ်ကြိုခြင်း၊ ဝန်ဆောင်မှုလုပ်ငန်း စသည့် အလုပ်များရှိသည်။**

- ဟိုတယ်ဧည့်ကြိုကောင်တာဝန်ထမ်း
- ဟိုတယ်သန့်ရှင်းရေးဝန်ထမ်း
- ဟိုတယ်ဝန်ထမ်း
- စားပွဲထိုးအမျိုးသား / စားပွဲထိုးအမျိုးသမီး
- စားသောက်ဆိုင်လုပ်ငန်း
- အခြား

ဧည့်ဝတ်ကြိုခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများသည် ပေါင်းသင်းဆက်ဆံရေးကောင်းမွန်သူ၊ အရာရာကို ယဉ်ကျေးစွာဖြင့်ဆောင်ရွက်နိုင်သူ၊ အပြုသဘောဆောင်သော ကိုယ်ရည်ကိုယ်သွေးရှိသူတို့ အတွက် သင့်လျော်သော လုပ်ငန်းအမျိုးအစားဖြစ်သည်။

## ကမ္ဘောဒီးယားလူမျိုးပဲ့အားစံနှင့် အင်တာဗျူး

လုပ်ငန်းအကြောင်းအရာ - ဟိုတယ်ဧည့်သည်ဝန်ဆောင်မှု

### —— ဂျပန်နိုင်ငံရဲ့ဘယ်နေရာကိုနှစ်သက်ပါသလဲ။

သန့်ရှင်းလုံခြုံတဲ့နိုင်ငံဖြစ်ပြီး အားလုံးက အရမ်းယဉ်ကျေးကြပါတယ်။

### —— ယမနရှိဒေသကို ဘယ်လိုမြင်ပါသလဲ။

ဖူဂျီတောင်ကို နေ့တိုင်းအနီးကပ်မြင်ရတာ အကောင်းဆုံးပါပဲ။ အဲ့ဒီလိုပဲ ရာသီလေးပါးကို ခံစားကြည်နူးရင်းနဲ့ နေထိုင်လှုပ်ရှားရတာ ရင်သပ်ရှုမောစရာပါပဲ။ နွေဦးရောက်လာတာနဲ့ ဆကူရာတွေအများကြီးပွင့်တဲ့အတွက် နှစ်တိုင်းနှစ်တိုင်း အိုးအိခဲပန်းခြံနဲ့ ယဂိဇခိပန်းခြံကို သူငယ်ချင်းတွေနဲ့ သွားပြီး ရှုခင်းတွေကို ဓာတ်ပုံရိုက်တယ်။ လေဝင်လေထွက် အမြဲသန့်ရှင်းပြီး အစားအသောက်တွေလည်း အရမ်းကိုအရသာရှိပါတယ်။

### —— အလုပ်အကြောင်းလေးလည်း ပြောပြပါဦး။

ခဝဂုချိရေကန်နားက ဟိုတယ်မှာ ဧည့်သည်တွေကို အခန်းကိုလမ်းညွှန်ပေးတာနဲ့ အစားအသောက်တွေကို ပြင်ဆင်ပေးတဲ့ အလုပ်ကို လုပ်ကိုင်နေပါတယ်။ အနာဂတ်မှာတော့ ဂျပန်နိုင်ငံမှာ ဟိုတယ်ဆိုင်ရာ အသက်မွေးသင်တန်းကျောင်းကို သွားနိုင်ဖို့အတွက် အဖိုးတန်တဲ့အတွေ့အကြုံတွေနဲ့ ကျွမ်းကျင်မှုတွေ ပေးတဲ့အတွက် ဒီအလုပ်ကို အရမ်းသဘောကျပါတယ်။

### —— အလုပ်မှာအပင်ပန်းဆုံးကဘာပါလဲ။

အစကတော့ ဂျပန်လိုမကျွမ်းကျင်တဲ့အတွက် ဧည့်သည်ကဘာပြောနေတယ်ဆိုတာကို နားမလည်ခဲ့ဘူး။ ဒါပေမယ့် ဟိုတယ်ကလုပ်ဖော်ကိုင်ဖက်တွေက အမြဲပဲ ကြင်ကြင်နာနာနဲ့ သင်ပေးတဲ့အတွက် နည်းနည်းစီ ပိုမိုနားလည်လာပြီး တစ်နေ့ထက်တစ်နေ့တိုးတက်လာတာ ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေလည်း ရှိလာပါတယ်။



## ထုတ်လုပ်ရေးနှင့်ဆောက်လုပ်ရေးလုပ်ငန်း

ယမနရှိဒေသသည် ဆေးဝါးကုသရေး၊ ကျန်းမာရေး၊ ဆီမီးကွန်ဒက်တာများနှင့် မျိုးဆက်သစ်စွမ်းအင် နယ်ပယ်များအတွက် အခြေခံအဖြစ် လျင်မြန်စွာတိုးတက်လာသည်။ Linear Chuo Shinkansen ကို ဖွင့်လှစ်လိုက်သည့်အတွက် တိုကျိုမှလာရောက်ချိန်သည် သိသာစွာတိုတောင်းသွားသည့်အတွက် လုပ်ငန်း များက ကိုးဖုအနီးတစ်ဝိုက်တွင် စက်ရုံများ စတင်တည်ဆောက်လာကြသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင် လိုအပ်ချက်မြင့်လာသည်နှင့်အမျှ နိုင်ငံခြားသားအလုပ်အကိုင်များလည်းတိုးလာပါသည်။

**ကုန်ထုတ်လုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အောက်ဖော်ပြပါကဲ့သို့သော အလုပ်များရှိပါသည်။**

- ထုတ်လုပ်ရေးတာဝန်ခံ
- အရည်အသွေးဆိုင်ရာစီမံခန့်ခွဲသူ
- အင်ဂျင်နီယာ
- စက်အော်ပရေတာ
- ဆောက်လုပ်ရေးဝန်ထမ်း အခြား

ကုန်ထုတ်လုပ်ငန်းနှင့်ဆောက်လုပ်ရေးလုပ်ငန်းများသည် အဖွဲ့လိုက်လုပ်ကိုင်မှုကျွမ်းကျင်သူနှင့် လုပ်ငန်းခွင် အတွေ့အကြုံများကို ရယူလိုသူများအတွက် သင့်တော်သည်။

### အင်ဒိုနီးရှားလူမျိုး အရိဆုစံနှင့် အင်တာဗျူး

အလုပ်အကြောင်းအရာ - သံမဏိပုံသွန်းခြင်း

**—— ယမနရှိဒေသကို ဘယ်လိုမြင်ပါသလဲ။**

လုပတဲ့နေရာဖြစ်ပြီး အမှတ်တရကောင်းများလည်း ရခဲ့ပါတယ်။ ဖူဂျီတောင်နဲ့နီးတဲ့အတွက် နွေရာသီတောင်တက်ရာသီမှာ တောင်ထိပ်ထိတက်နိုင်ခဲ့ပြီး ကြီးမားတဲ့ပြီးမြောက်အောင်မြင်မှုကို ရယူခံစားနိုင်ခဲ့ပါတယ်။

**—— ယမနရှိဒေသမှာလုပ်ကိုင်ရတာဟာ ဘယ်လိုမျိုးပါလဲ။**

ကျွန်တော့်ရဲ့လုပ်ငန်းခွင်ကတော့ မိသားစုကြီးတစ်ခုလိုပါပဲ။ ကုန်စည်အရည်အသွေး ထိန်းသိမ်းဖို့အတွက် အထူး လေ့ကျင့်ရေးရှိပြီး လုပ်ဖော်ကိုင်ဖက်တွေကအသေးစိတ်အထောက်အကူပေးကြတဲ့အတွက်သင်ယူနိုင်ခဲ့ပါတယ်။



### အင်ဒိုနီးရှားလူမျိုး ပူဂျီအန်းတိုစံနှင့် အင်တာဗျူး

အလုပ်အကြောင်းအရာ - ငြမ်းဆင်ခြင်း (ငြမ်းဆင်သည့်အလုပ်)

**—— မင်းရဲ့ဂျပန်စာအဆင့်ကဘယ်လောက်ရှိပါသလဲ။**

ဂျပန်ရောက်တာ ၆လရှိပါပြီ။ ဂျပန်မလာခင်ကတည်းက ကိုယ့်ဘာသာလေ့လာခဲ့တာမို့ ဂျပန်မှာအလုပ်လုပ်နိုင်ခဲ့ ပါတယ်။ ဒီအတိုင်းပဲ ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (JLPT)ရဲ့ N3 အဆင့်အထိ ဂျပန်ဘာသာစကားကို ဆက်လက်လေ့လာသွားပြီး ဂျပန်နိုင်ငံမှာ အလုပ်တွေဆက်လုပ်သွားမယ်လို့ မှန်းထားပါတယ်။

**—— ယမနရှိမှာအလုပ်လုပ်ဖို့စဉ်းစားနေတဲ့သူတွေကို အကြံဉာဏ်လေးပေးပါဦး။**

ပြီးပြည့်စုံတဲ့ဂျပန်ဘာသာစကားနဲ့ မပြောနိုင်လည်း ပြဿနာမရှိပါဘူး။ အရေးကြီးတာက လေ့လာသင်ယူပြီး ပိုမို တိုးတက်အောင် အားထုတ်နေဖို့ပါ။



### ဗီယက်နမ်လူမျိုး ဂူအန်စံနှင့် အင်တာဗျူး

အလုပ်အကြောင်းအရာ - ရေခဲမုန့်စက်ရုံစက်အော်ပရေတာ

**—— အလုပ်နဲ့ပတ်သက်ပြီး ပြောပြပါဦး။**

အစတုန်းကတော့ ဝန်ပင့်ယာဉ်မောင်းနှင်သူအနေနဲ့ အလုပ်စလုပ်ခဲ့ပေမယ့် အခုမှာတော့ ကုမ္ပဏီကနေ အထူး လေ့ကျင့်ရေးသင်တန်းကို တက်ရောက်ပြီး အရည်အသွေးမြင့်တဲ့ ရေခဲမုန့်ထုတ်လုပ်တဲ့ အခြေခံကို သင်ယူနေပါ တယ်။

**—— အလုပ်ကနေတစ်ဆင့် ဘာတွေသင်ယူခဲ့ရပါသလဲ။**

အလုပ်ကိုသပ်သပ်ရပ်ရပ်လုပ်ဆောင်ခြင်း [ ဂျပန်နည်းလမ်း ] ကို သင်ယူနိုင်ခဲ့တာဟာ အံ့အားသင့်စရာလို့ ခံစားမိပါတယ်။ ဘေးကင်းလုံခြုံတဲ့ လုပ်ငန်းခွင်ဝန်းကျင်ဖန်တီးခြင်းရဲ့အရေးပါပုံကိုလည်း သင်ယူနိုင်ခဲ့ပါတယ်။



# စိုက်ပျိုးရေးလုပ်ငန်း

ယမန်ရှိဒေသသည် စိုက်ပျိုးရေးလုပ်ငန်းထွန်းကားသောဒေသအဖြစ် လူသိများကျော်ကြားပါသည်။ ကျွန်ုပ်တို့ သည် အရသာရှိသော သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များ ထုတ်လုပ်ရန် ကမ္ဘာ့ဆန်းသစ်တီထွင်မှု အရှိဆုံး စိုက်ပျိုးရေးနည်းပညာနှင့် ကုန်ထုတ်စွမ်းအားကို အသုံးပြုပါသည်။ လှပသော ရာသီလေးခုနှင့် အေးချမ်းလှပသော ကျေးလက်ဒေသတို့ရှိပြီး စိုက်ပျိုးရေးအကျိုးတူကုမ္ပဏီများသည် စိတ်အားထက်သန်သော နိုင်ငံခြားသားများကို အလိုရှိကြသည်။

## စိုက်ပျိုးရေးနယ်ပယ်တွင် အောက်ဖော်ပါကဲ့သို့သော အလုပ်များရှိသည်။

- သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးသူများ
- လယ်သမား
- စိုက်ပျိုးရေးသုံးစက်အော်ပရေတာ
- ဂိုဒေါင်ဝန်ထမ်း
- အခြား

စိုက်ပျိုးရေးလုပ်ငန်းသည် သဘာဝတရားကိုနှစ်သက်ပြီး မြင့်မားသောစိုက်ပျိုးရေးနည်းပညာများကို သင်ယူလိုသူများအတွက် သင့်တော်သည်။

## ဗီယက်နမ်လူမျိုး ဂူအန်စံနှင့်အင်တာဗျူး

အလုပ်အကြောင်းအရာ - ဖန်လုံအိမ်တွင်ဟင်းသီးဟင်းရွက်များစိုက်ပျိုးခြင်း

### — ယမန်ရှိဒေသကိုလာရောက်ခဲ့ပုံက ?

အသက်မွေးဝမ်းကြောင်းတိုးတက်ဖို့နဲ့ လစာတိုးဖို့အခွင့်အလမ်းကို ရှာနေခဲ့ပါတယ်။ ဂျပန်နိုင်ငံကို မလာခင် အထိ ဖန်လုံအိမ်မှာ အလုပ်လုပ်ဖို့အခွင့်အလမ်းမရှိခဲ့ပေမယ့် ကုမ္ပဏီက တကယ့်ကို သေချာပံ့ပိုးပေးပြီး လေ့ကျင့်ရေးသင်တန်းတွေ အများကြီး တက်ရောက်နိုင်ခဲ့ပါတယ်။

### — အလုပ်ကဘယ်လိုမျိုးပါလဲ။

ဂျပန်နိုင်ငံရဲ့နည်းပညာအသစ်နဲ့ ခရမ်းချဉ်သီးကိုစိုက်ပျိုးထုတ်လုပ်လျှက်ရှိပါတယ်။ သန့်ရှင်းပြီး စိတ်အေးချမ်းစေတဲ့ လုပ်ငန်းခွင်ဝန်းကျင်ဖြစ်တဲ့အတွက် တကယ့်ကို စိတ်လက်ပေါ့ပါးစွာနဲ့ အလုပ်လုပ်နိုင် ပါတယ်။

### — အားလပ်ချိန်မှာဘာလုပ်ပါသလဲ။

ယမန်ရှိဒေသကစီစဉ်တဲ့ ဒေသတွင်းဂျပန်ဘာသာသင်တန်းမှာတက်ရောက်နေပါတယ်။ နေထိုင်ခွင့် အရည်အချင်း [အထူးကျွမ်းကျင်အဆင့် ၂ ] ကို အောင်မြင်ဖို့ရည်ရွယ်ပြီး ကြိုးစားနေပါတယ်။





# သူနာပြုစုစောင့်ရှောက်ခြင်း

သက်ကြီးရွယ်အိုများ အဆမတန်များပြားနေသော ဂျပန်နိုင်ငံတွင် သူနာပြုစုစောင့်ရှောက်ရေးအဆောက်အဦ များနှင့် ကလေးစောင့်ရှောက်ရေးစင်တာများရှိ ဝန်ထမ်းဦးရေမလုံလောက်မှုပြဿနာမှာ ကြီးထွားနေပြီး နိုင်ငံခြားသားဝန်ထမ်းများခန့်အပ်မှုကို နှစ်စဉ်မြင့်တင်လျှက်ရှိပါသည်။ ဂျပန်နိုင်ငံ၏ သူနာပြုစုစောင့်ရှောက်မှု သည် ကျွမ်းကျင်မှုအဆင့်မြင့်မားပြီး သူနာပြုစုစောင့်ရှောက်ရေးအဆောက်အဦများတွင် ဂျပန်နိုင်ငံ၏ [ ညှော်ဝတ်ပြုခြင်း] နှင့် [သူနာပြုစုစောင့်ရှောက်ခြင်း ] တို့နှင့် ပတ်သက်သော အသိပညာနှင့် နည်းပညာများကို ရယူနိုင်သည်။

## သူနာပြုစုစောင့်ရှောက်ရေးအလုပ်၏ကိုယ်စားပြုတာဝန်များအနေဖြင့် အောက်ဖော်ပြပါအရာများဟု ယူဆ နိုင်သည်။

- သူနာပြုစုစောင့်ရှောက်ရေးစင်တာဝန်ထမ်း
- မသန်စွမ်းပြုစုစောင့်ရှောက်ရေးစင်တာဝန်ထမ်း
- အခြား

သူနာပြုစုစောင့်ရှောက်ရေးလုပ်ငန်းအမျိုးအစားသည် ထောက်ထားစာနာတတ်ပြီး အသေးစိတ်ဂရုစိုက်တတ် သူများနှင့် သင့်တော်သည်။

## မြန်မာလူမျိုး ဇာစံနှင့်အင်တာဗျူး

အလုပ်အကြောင်းအရာ - ဘိုးဘွားရိပ်သာဝန်ထမ်း

### — ဂျပန်နိုင်ငံကို လာရောက်ခဲ့ရပုံက?

မြန်မာနိုင်ငံကတက္ကသိုလ်မှာ ဂျပန်ဘာသာစကားနဲ့ သူနာပြုစုစောင့်ရှောက်ရေးကို သင်ယူခဲ့ရပြီး အဲ့ဒါကို လက်တွေ့အသုံးချနိုင်မယ့် အလုပ်ကို ရှာဖွေနေခဲ့ပါတယ်။ ဂျပန်နိုင်ငံက အလုပ်သမားတွေကို ကာကွယ်ဖို့ ဥပဒေတွေနဲ့ စည်းမျဉ်းစည်းကမ်းတွေရှိတဲ့နိုင်ငံ အတွက် စိတ်ချလက်ချနဲ့ အလုပ်လျှောက်နိုင်ခဲ့ပါတယ်။

### — ယမန်ရှိဒေသကအလုပ်နဲ့ပတ်သက်ပြီးတော့လည်း ပြောပြပေးပါဦး။

ဘိုးဘွားရိပ်သာမှာ အလုပ်လုပ်နေပါတယ်။ သက်ကြီးရွယ်အိုတွေကို ပြုစုစောင့်ရှောက်ရတယ်၊ စကားပြောဖော်လုပ်ပေးရတယ်၊ သူနာပြုစုစောင့်ရှောက်မှုမှတ်တမ်းတွေရေးဆွဲပေးရပါတယ်။ နေ့တိုင်း ဂျပန်လူမျိုးတွေနဲ့ ထိတွေ့နေရတဲ့အတွက် ဂျပန်ဘာသာစကားလည်း တိုးတက်လာပါတယ်။





# ယမနရှိဒေသ၏အနာဂတ်

ယမနရှိဒေသသည် ကြည်လင်သောရေ၊ ရှည်ကြာသောနေရောင်ခြည်အလင်းရောင်နှင့် မြေဩဇာကောင်းခြင်း တို့ကြောင့် အရည်အသွေးမြင့်စိုက်ပျိုးရေးနှင့် အဏ္ဏဝါထွက်ကုန်များ ရှိပေသည်။ ရာသီဥတုပြောင်းလဲမှု၏ ခြိမ်းခြောက်မှု ပေါ်ပေါက်လာသော ယနေ့ခေတ်တွင် အဆိုပါ ပတ်ဝန်းကျင်ကို ကာကွယ်ရန်အတွက် SDGs ( စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် ) နှင့် အညီ ပမာဏဆောင်ရွက်ချက်များကို မြှင့်တင်လုပ်ဆောင် လျှက်ရှိသည်။

## • ရာသီဥတုပြောင်းလဲမှုအပေါ်ဖြေရှင်းခြင်း

လယ်ယာမြေတွင်းရှိ ကာဗွန်ပမာဏကိုတိုးမြှင့်ပေးခြင်းဖြင့် လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ် တိုးလာမှု ကို လျှော့ချနိုင်ရန် ကမ္ဘာလုံးဆိုင်ရာစီမံချက်ဖြစ်သည့် [ 4 Per Mill Initiative ] တွင် ယမနရှိဒေသက ဂျပန်နိုင်ငံတွင် ပထမဆုံးအကြိမ် ပါဝင်ခဲ့ပါသည်။



စပျစ်ကိုင်းများဖြင့်ပြုလုပ်ထားသည့် ဘိုင်အိုမီးသွေး/[4 Per Mill Initiative] အမှတ်တံဆိပ်လိုဂို

## • ခေတ်မီနည်းပညာများဖြင့် ရေရှည်တည်တံ့ခိုင်မြဲမှုကို အကောင်အထည်ဖော်ခြင်း

စိုက်ပျိုးရေးထွက်ကုန်များကို ထုတ်လုပ်သူများနှင့် ဝါရင့်တောင်သူလယ်သမားများ ပူးပေါင်းတီထွင် ထားသည့် AI နည်းပညာကို အသုံးပြုထားသော စမတ်မျက်မှန်များကဲ့သို့ ခေတ်မီနည်းပညာများကို အသုံးပြုပြီး သရုပ်ပြစမ်းသပ်မှုများကို လုပ်ဆောင်နေပါသည်။ ထို့အပြင် ကျွန်ုပ်တို့သည် စိုက်ပျိုးရေး ထုတ်လုပ်မှုကို တိုးမြှင့်စေနိုင်မည့်အကြောင်းရင်းများကို ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ကျယ်ပြန့်စွာ ထုတ်လုပ်လာနိုင်စေရန်အတွက် [ အချက်အလက်အသုံးပြုစိုက်ပျိုးရေး ]နည်းပညာပရိုဂရမ်ကိုလည်း ဖော်ဆောင်လျှက်ရှိသည်။


စမတ်မျက်မှန်ကိုအသုံးပြုပြီး စပျစ်သီးစိုက်ပျိုးခြင်း

## • တိရစ္ဆာန်သက်သာချောင်ချိရေးတိုးတက်ရေး (တိရစ္ဆာန်မွေးမြူသည့်ပတ်ဝန်းကျင်တိုးတက်ရေး)

စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတွင် ဂျပန်နိုင်ငံ၏ ပထမဆုံးအနေဖြင့် [ တိရစ္ဆာန်သက်သာ ချောင်ချိရေး တိုးတက်ရေး ] အသိအမှတ်ပြုစနစ်ကို တည်ထောင်ခဲ့သည်။ ယမနရှိဒေသတွင် ကျယ်ဝန်းလှသောစားကျက်များတွင် လွတ်လပ်စွာမွေးမြူထားသောကြက်များနှင့်နွားများ ကျက်စား နေသည်ကိုလည်း တွေ့နိုင်ပါသည်။




သာယာမှုကိုထည့်သွင်းစဉ်းစားထားသည့် မွေးမြူရေးခန့်ခွဲမှု / [ တိရစ္ဆာန်သက်သာချောင်ချိရေးတိုးတက်ရေး ] ၏ အမှတ်အသား

## • ကြည်လင်ပြီးအရသာရှိသောရေကိုထိန်းသိမ်းစောင့်ရှောက်မည်

ကျော်ကြားသောတောင်များနှင့် ဝန်းရံထားသည့် ယမနရှိဒေသသည် ဂျပန်နိုင်ငံတွင် တွင်းထွက်ရေ အများဆုံးထွက်ရှိကာ ရေပူစမ်းများဖြင့်လည်း ဝန်းရံတည်ရှိပါသည်။ ပြည်တွင်းကုမ္ပဏီများနှင့် ပူးပေါင်း၍ ဤကဲ့သို့ပေါများသောရေအရင်းအမြစ်ကို နောင်လာနောက်သား မျိုးဆက်များအတွက် ထိန်းသိမ်း ကာကွယ်ရန် ကြိုးပမ်းဆောင်ရွက်လျှက်ရှိပါသည်။


Five Steps and Seven Pools Falls ( ယမနရှိဒေသ )

## • သစ်ပင်သစ်တောများအားစီမံခန့်ခွဲခြင်းဖြင့်သစ်တောများကိုထိန်းသိမ်းသည်။

ယမနရှိဒေသ၏ ၇၈% ကို သစ်တောများဖြင့် ဖုံးလွှမ်းထားပြီး ဂျပန်နိုင်ငံ၏ ထိပ်တန်းသစ်တော ဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ဒေသဆိုင်ရာသစ်တောများ ထိန်းသိမ်းရေးသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရန်အတွက် အထူးအရေးကြီးပါသည်။ ပြည်တွင်းရှိ အများပိုင်သစ်တောအနေဖြင့် ပထမဦးဆုံးအနေဖြင့် အပြည်ပြည်ဆိုင်ရာ သစ်တော အသိအမှတ်ပြုစနစ် FSC (Forest Stewardship Council®) မှ သစ်တောစီမံခန့်ခွဲမှု အသိအမှတ်ပြုလက်မှတ်ကို ရယူခဲ့သည်။


အမျိုးသားအားကစားကွင်း ပွဲကြည့်စင်ကို ကာမိုးပေးထားသည့် ကြီးမားသောအမိုးကြီးအား ဒေသထွက် FSC လက်မှတ်ရကုန်ကြမ်း ( ဂျပန်ထင်းရှူး) အား အသုံးပြုထားသည်။ ( ပုံပိုးမှု - ဂျပန်အားကစားမြှင့်တင်ရေးစင်တာ )



# ဆန်းသစ်တီထွင်မှုဗဟို

Linear Chuo Shinkansan ဖွင့်လှစ်လိုက်ခြင်းကြောင့် တိုကျိုသို့သွားရောက်ရန်ကြာချိန်သည် ကြီးမားစွာ တိုတောင်းသွားသည့်အတွက် ဆေးဘက်ဆိုင်ရာစက်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆီမီးကွန်ဒက်တာ၊ မျိုးဆက်သစ်စွမ်းအင်များ စသည့် အောင်မြင်သည့်ထုတ်လုပ်ရေးလုပ်ငန်းများစွာက ယမနရှိဒေသသို့ ပြောင်း ရွှေ့လာလျှက်ရှိသည်။ ယမနရှိဒေသသည် ဆန်းသစ်တီထွင်မှုနှင့် ခေတ်မီနည်းပညာများအတွက် နာမည်ကျော် နေရာတစ်ခုဖြစ်လာပြီး လူများစွာက မိမိတို့၏အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများအတွက် လာရောက်လျှက်ရှိသည်။

## • ဆေးဘက်ဆိုင်ရာစက်ကိရိယာများလမ်းကြောင်း

ကိုဖူမြစ်ဝှမ်းသည် [ ဆေးဘက်ဆိုင်ရာကိရိယာများလမ်းကြောင်း ] ဟု ခေါ်ဆိုရလောက်အောင် စက်ယန္တရားများနှင့် အီလက်ထရောနစ်လုပ်ငန်းများဖြင့် ပြည့်နှက်လျှက်ရှိသည်။ ထိုကဲ့သို့သော ယမနရှိဒေသ၏ ထူးခြားချက်များကို အသုံးချပြီး ဆေးဘက်ဆိုင်ရာကိရိယာများထုတ်လုပ်သူများ လည်း အများအပြားရှိလာသည်။



## • ဟိုက်ဒရိုဂျင်နှင့်လောင်စာဆဲလ်ထုတ်လုပ်ရေးလုပ်ငန်း

ပုဂ္ဂလိကကုမ္ပဏီတစ်ခုနှင့်ပေါင်း၍ နေရောင်ခြည်စွမ်းအင်ကဲ့သို့သော ပြန်လည်အသုံးပြုနိုင်သည့် စွမ်းအင်သုံး လျှပ်စစ်အားကို အသုံးပြုပြီး ရေမှ အစိမ်းရောင်ဟိုက်ဒရိုဂျင်ကို ထုတ်လွှတ်သည့် P2G (Power to Gas) စနစ်တစ်ခုကို တီထွင်ခဲ့သည်။



## • ပွင့်လင်းသည့်မူဝါဒရှိယမနရှိဒေသ

ဒေသတွင်းပြဿနာများကို အဆင့်မြင့်နည်းပညာများဖြင့် ဖြေရှင်းနိုင်ရန်အတွက် အကျိုးတူ ကုမ္ပဏီများ၏ သရုပ်ပြလက်တွေ့စမ်းသပ်မှုများကို အပြည့်အဝပံ့ပိုး ကူညီပေးသည်။




အဆင့်မြင့်၍ဆန်းသစ်ပြီး လူတိုင်းကိုနွေးထွေးစွာကြိုဆိုသည့် ယမနရှိဒေသတွင် နိုင်ငံခြားသားများအတွက် အလုပ်အကိုင်များစွာရှိပါသည်။ ဆွဲဆောင်မှုအပြည့်ရှိသော ယမနရှိစီရင်စုမှာ အလုပ်လုပ်ရင်းဖြင့် ဂျပန်နိုင်ငံကသင့်ဘဝသစ်ကို စကြည့်ကြပါစို့လား။

# ＼ ယမနရှိဒေသမှကြိုဆိုပါတယ်။ ／

## တည်နေရာ

ယမနရှိဒေသသည် ဂျပန်နိုင်ငံ၏သင်္ကေတဖြစ်သောဖူဂျီတောင်ရှိပြီး ဂျပန်နိုင်ငံ၏မြို့တော်ဖြစ်သည့် တိုကျိုနှင့်လည်း ကပ်လျက်တည်ရှိသည်။ အထူးအမြန်ရထားများနှင့် အဝေးပြေးဘတ်စ်ကားများကို အသုံးပြုပြီး နရိတာလေဆိပ်နှင့် ဟနဲဒလေဆိပ်များသို့လည်းကောင်း၊ ရှင်းဂျုခုနှင့် ရှိဇုအိုကာစသည့် အနီးနား ဒေသများ၏ အဓိကဘူတာမျိုးသို့လည်း လွယ်ကူစွာ သွားလာနိုင်သည်။







## ကိုးဖူမြို့

ယမနရှိဒေသ၏မြို့တော်ဖြစ်သည့် ကိုးဖူမြို့သည် ခရီးသွားဧည့်သည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအတွက် တံခါးပေါက်ဖြစ်သည်။ ဤသမိုင်းဝင်မြို့သည် ဖော်ရွေသောယဉ်ကျေးမှုနှင့် အရသာရှိသောအစားအသောက် များ၊ ညဈေးတန်းများဖြင့် ရေပန်းစားသည်။

### ရထားဖြင့်လာရောက်ပါက

**တိုကျိုမှ**

ရှင်းဂျုကုဘူတာ — JR ချူးအိုးအထူးအမြန်ရထား (၁နာရီ၃၀မိနစ်) — ကိုးဖူဘူတာ

**နဂိုယာမှ**

နဂိုယာဘူတာ — ရှင်းကန်းဆန် (၁နာရီ) — ရှိဇုအိုကာ — JR မိနိုဘုလိုင်းအထူးအမြန်ရထား (၂နာရီ) — ကိုးဖူဘူတာ

**အိုဆာကာမှ**

ရှင်းအိုဆာကာဘူတာ — ရှင်းကန်းဆန် (၂နာရီ) — ရှိဇုအိုကာ — JR မိနိုဘုလိုင်းအထူးအမြန်ရထား (၂နာရီ) — ကိုးဖူဘူတာ

### ကားဖြင့်လာရောက်ပါက

**တိုကျိုမှ**

အဲအိဖုခု IC — ချူးအိုးအမြန်လမ်းမကြီး (၁နာရီ၃၀မိနစ်) — ကိုးဖူရှောဝ IC

**နဂိုယာမှ**

ကိုမခိ IC — ချူးအိုးအမြန်လမ်းမကြီး (၃နာရီ) — ကိုးဖူရှောဝ IC

**အိုဆာကာမှ**

တိုယိုနကဲ IC — မေးရှင်း နှင့် တိုးမဲ အမြန်လမ်းမကြီး (၂နာရီ၁၀မိနစ်) — ကိုမခိ JCT — ချူးအိုးအမြန်လမ်းမကြီး (၃နာရီ) — ကိုးဖူရှောဝ IC

### ဘတ်စ်ကားဖြင့်လာရောက်ပါက

**တိုကျိုမှ**

ရှင်းဂျုကုဘူတာအဝေးပြေးဘတ်စ်ကားဂိတ် — (၂နာရီ၁၀မိနစ်) — ကိုးဖူဘူတာ

**နဂိုယာမှ**

နဂိုယာဘူတာ — (၄နာရီ) — ကိုးဖူဘူတာ

**အိုဆာကာမှ**

အိုဆာကာဘတ်စ်ကားဂိတ် — (၈နာရီ၃၀မိနစ်) — ကိုးဖူဘူတာ

### လေဆိပ်မှလာရောက်ပုံ

**တိုကျိုမှ**

နရိတာအပြည်ပြည်ဆိုင်ရာလေဆိပ် — နရိတာအမြန်ရထား (၁နာရီ၃၀မိနစ်) — ရှင်းဂျုကုဘူတာ — JR ချူးအိုးအထူးအမြန်ရထား (၁နာရီ၃၀မိနစ်) — ကိုးဖူဘူတာ

နရိတာအပြည်ပြည်ဆိုင်ရာလေဆိပ် — အဝေးပြေးဘတ်စ်ကား (၃နာရီ၃၀မိနစ်) — ကိုးဖူဘူတာ

ဟနဲဒလေဆိပ် — တိုကျိုမိုနိုရေး (၂၄မိနစ်) — ဟမမဆုချောဘူတာ — JR ယမနိုတဲလိုင်း (၂၅မိနစ်) — ရှင်းဂျုကုဘူတာ — JR ချူးအိုးလိုင်း (၁နာရီ၃၀မိနစ်) — ကိုးဖူဘူတာ

ဟနဲဒလေဆိပ် — အဝေးပြေးဘတ်စ်ကား (၃နာရီ၁၅မိနစ်) — ကိုးဖူဘူတာ

### ယမနရှိနိုင်ငံခြားသားဆွေးနွေးရေးအထောက်အကူပြုစင်တာ



ယမနရှိဒေသတွင် နိုင်ငံခြားသားများက နေ့စဉ်ဘဝရှိ စိုးရိမ်ပူပန်မှုများကို ဆွေးနွေးနိုင်ပြီး မေးခွန်းများကို ဖြေဆိုပေးသည့် အခမဲ့အတိုင်ပင်ခံရုံးကို ဖွင့်လှစ်ထားသည်။ ဂျပန်လူမျိုးညှိနှိုင်းဆောင်ရွက်ရေးဝန်ထမ်းလည်း ရှိပြီး ဘာသာစကား ၁၆မျိုးဖြင့် ဆောင်ရွက်ပေးလျှက်ရှိကာ နေ့စဉ်ဘဝတွင်ကြုံတွေ့ရသည့် အခက်အခဲအနည်းငယ်မှစ၍ အလုပ်အကိုင်နှင့် မိသားစု၊ ပညာရေးစသည့် အမျိုးမျိုးသော ပူပန်မှုများကို ဆွေးနွေး နိုင်သည်။ ယမနရှိဒေသတွင် ဘဝသစ်ကို ပျော်ရွှင်စွာဖြင့်စတင်နိုင်ရန် ကျွန်ုပ်တို့ထံ ဆက်သွယ်ဆွေးနွေး နိုင်ပါသည်။

ဆောင်ရွက်ချိန် အပတ်စဉ် အင်္ဂါမှစနေအထိ မနက်၉နာရီမှညနေ၄နာရီ
ဖုန်းနံပါတ် 055-222-3390
အီးမေးလ် y-sodan@yia.or.jpP1
WhatsApp (ချက်ဖြင့်သာ) https://wa.me/qr/BTXDQKI2VBLXP1
ဝက်ဘ်ဆိုဒ် https://www.yia.or.jp/wordpress/?page_id=1905

### ယမနရှိဒေသ၏ဂျပန်ဘာသာစကားသင်တန်း



နိုင်ငံခြားသားနေထိုင်သူများက ဂျပန်ဘာသာစကားကို ပိုမိုတိုးတက်လာစေကာ ဂျပန်နိုင်ငံတွင် ပိုမိုကောင်းမွန် သောနေထိုင်မှုဘဝများရရှိစေရန်အတွက် ယမနရှိဒေသတွင် ဂျပန်ဘာသာစကားပညာရေးတိုးတက်မှု လုပ်ငန်းများကို အများအပြားဖွင့်လှစ်ထားသည်။

၂၀၂၃ခုနှစ် လက်ရှိတွင် အစိုးရ / ပုဂ္ဂလိကစုစုပေါင်း ၂၂နေရာထိ ဂျပန်ဘာသာစကားသင်တန်းများကို ယမနရှိ ဒေသတွင်းရှိ နေရာအသီးသီးတွင် ဖွင့်လှစ်ထားရှိပြီး သင်တန်းအများစုမှာ အခမဲ့ သို့မဟုတ် တစ်ကြိမ်လျှင် ယန်း၅၀၀ သာရှိသည့် အလွန်သက်သာသည့်နှုန်းထားဖြင့် တက်ရောက်နိုင်သည်။ ပထမဦးစွာ အခြေခံ နေ့စဉ် ဘဝသုံး ဂျပန်ဘာသာစကားကို သင်ယူလိုသည့် ပုဂ္ဂိုလ်များမှ ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (JLPT) ဖြေဆိုလိုသူများနှင့် အသက်မွေးဝမ်းကျောင်းမြှင့်တင်လိုသူများအထိ အဆင့်အမျိုးမျိုး၊ အတန်းအမျိုးမျိုးကို ပြင်ဆင်ထားရှိပါသည်။

ထို့ပြင် ကွန်ယက်ချိတ်ဆက်ခြင်းနှင့် တူညီသောဝန်းကျင်မှသူများနှင့် တွေ့ဆုံနိုင်သည့်နေရာလည်းဖြစ်ပြီး ဂျပန်ယဉ်ကျေးမှုများကို လေ့လာသင်ယူနိုင်သည့်အခွင့်ကောင်းလည်း ဖြစ်သည်။